ဘာသာပြန် စာရေးဆရာ – တင်အောင်ခိုင်



# ကျုပ်ကဆရာကြီး

(လီနင်းဖန်)

(Chapter 16 - 30)

စာစဉ် – ၂

# အပိုင်း (၁၆)

## (ငါ့ရဲ့ အကြီးကျယ်ဆုံးသော ရှာဖွေတွေ့ရှိမှုကြီး)

"နင်ဘာတွေ ပြောနေတာလဲ ငါ ဘာမှ မသိဘူးနော်...ဒီအကြံက ငါ့ ဘာသာငါ စဉ်းစားမိတာ..." လျို့ရှီယူ တည်ငြိမ်နေဆဲ ဖြစ်ကာ နားမလည် ချင်ဟန် ဆောင်လိုက်သည်။

သူမ နှင့် အတူ လိုက်ခဲ့ရန် လင်ချင်းယွန် အား ပြောခဲ့သည်ကို နောင်တရ ချင်သလို ဖြစ်လာသည်။ လင်ချင်းယွန်မှာ လေ့လာအားကောင်းပြီး အရူး မဟုတ်ပေ။ ပို၍ အရေးကြီးသည်မှာ သူမ ယနေ့ လီနင်းဖန် နှင့် မတွေ့လိုက် ခြင်းပင် ...မဟုတ်လျှင် ဆရာကြီး မည်သူ ဖြစ်ကြောင်း ဖော်ကောင် လုပ် လိုက်မိမည်မှာ သေချာသည်။ ထိုကြောင့် သူမ ရည်ရွယ်ချက်ရှိရှိ ဆရာကြီး၏ အကြောင်းများ မဖော်ထုတ်မိရန် ဆုံးဖြတ်လိုက်သည်။

"ရှီယူ ငါတို့က ညီအစ်မတွေလို နေလာကြတာပါ...ဒါကြောင့် ငါ့ကို ဖုံးကွယ်မနေနဲ့တော့..."

လင်ချင်းယွန် မျက်လုံး လှန်ကြည့်ကာ ပြုံးလိုက်သည်။

" နင် သာ ဒီလို အကြံဉာဏ်မျိုး ထွက်နိုင်မယ်ဆိုရင် လင်ယွန် အင်မော် တယ်ခုံရုံးကို လာပြီး ငါ့ကို လာရှာမှာ မဟုတ်ဘူး...ငါ့မှာတော့ သတင်းကြားကြားခြင်း လာခဲ့ရတာ...အခု နင် က အခြား ဖြေရှင်းနည်း တောင် တွေ့သွားပြီ...ငါ့ကို ချောင်ထိုးဖို့ စဉ်းစားနေတာလား...."

လျို့ရှီယူ ဘာလုပ်ရန် ကြိုးစားနေကြောင်း သူမသိသည်။ အမတ်ချုပ် နှင့်

ဝန်ကြီးချုပ်တို့မှာ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်ပြီး အားနည်းလာကြောင်း သိသာသည်။ ၄င်း ဇျူဟာသည်လည်း ဆန်းသစ်လွန်းလှ၏။ လျိုရှီယူ မှာ ပါရမီရှင်တစ်ယောက်၏ အကူအညီ ယူထားမှန်း သူမအတွက် သေချာသည်။

"နင့်ရဲ့ အကူအညီအတွက် ကွမ်းလောင်အင်မော်တယ်မင်းဆက် ရဲ့ မီးနဂါးပုလဲ နဲ့ လဲလှယ်ဖို့ ကမ်းလှမ်းချင်တာမလား..." လျိုရှီယူ တည်ငြိမ်စွာ ပြောသည်။

"မီးနဂါး ပုလဲ က ကွမ်းလောင်မင်းဆက်ရဲ့ ရတနာလေ...ငါ ဘာကြောင့် လိုချင်ရမှာလဲ...ငါ က ခဏလောက် ငှားချင်ရုံလောက်ပဲ...လင်ယွန်အင်မော်တယ် ခုံရုံးက အချို့တပည့်တွေက ရွှေအမြူတေ အဆင့်ကို ချိုးဖျက်ဖို့ အဲ့ဒီ ပစ္စည်းလိုအပ်နေတယ်လေ..."

ရွှေအမြူတေ အဆင့်၏ အခြေခံ အား တည်ဆောက်လိုပါက မီး ဖြင့် ရွှေအမြူတေ အား သိပ်သည်းစေရန် လိုအပ်သည်။ ကွမ်းလောင် အင်မော်တယ် မင်းဆက်မှ မီးနဂါးပုလဲမှာ မီး နှင့် မီးတောက် အား ထုတ်လွှင့်နိုင်ပြီး ရွှေအမြူတေ အဆင့်သို့ တက်လှမ်းရန် ကူညီပေးနိုင်သည်။ ထို ရတနာကြောင့်ပင် ရွှေအမြူတေ အဆင့် အမြောက်အများ ပျိုးထောင်နိုင်ပြီး ကွမ်းလောင် အင်မော်တယ် မင်းဆက်ဟူ၍ တည်ထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

"အွန်း...နင့်ကို ဒုက္ခပေးခဲ့ရတာအတွက် တောင်းပန်တယ်...ဒါပေမဲ့ အခု ငါ အဖြေတွေ့သွားပြီ ဆိုတော့ နင့် အကူအညီ မလိုတော့ဘူး..." လျိုရှီယူ ခေါင်းခါယမ်းလိုက်သည်။

လီနင်းဖန် ၏ အကူအညီ မရှိပါက လျိုရှီယူ အနေဖြင့် ရွေးချယ်စရာ မရှိကာ မီးနဂါးပုလဲအား လင်ချင်းယွန်ထံ ငှားရမည်မှာ သေချာသည်။ ထို ပစ္စည်းပေးလိုက်ပါက သူမ ထံမှ ပြန်ရရန် ခက်ခဲသွားလိမ့်မည်။ အတိအကျ

ပင် ယခုတွင် သူမ အား လျိုရှီယူ မငှားပေးနိုင်တော့ချေ။

"ဟုတ်ပါပြီ...မီးနဂါးပုလဲ ကိစ္စ ထားလိုက်စမ်းပါဦး...ဒီဗျူဟာ နဲ့ ပက်သက်ပြီး ဘယ်က ဆရာကြီး နင့်ကို ကူညီပေးလိုက်တာလဲသာ ငါ့ကို ပြောစမ်းပါ...ငါ့ကို လက်ဗလာနဲ့တော့ မပြန်သွားစေချင်ဘူးမလား..." လင်ချင်းယွန်မှာ သနားစရာ ကောင်းဖွယ် အမူအရာဖြင့် လျိုရှီယူ မျက်နှာအား ကြည့်လိုက်သည်။

"မပြောဘူး..." လျိုရှီယူ ခေါင်းခါယမ်းကာ လင်ချင်းယွန် အား မျက်စောင်းထိုးလိုက်သည်။

"ဟုတ်ပါပြီ...ငါနားလည်ပါတယ်..." လင်ချင်းယွန် ဝမ်းနည်းသည့် ဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။ သူမ ခေါင်းမော့လိုက်ကာ လီနင်းဖန် ထွက်သွားသည့် မြို့ နှင့်မဝေးသည့် တောင်ဆီသို့ ကြည့်ကာ နှုတ်ခမ်းထောင့်စွန်းများ တွန့်ကွေးသွားခဲ့၏။

လျိုရှီယူ..နင့်ကိုနင် ကောင်းကောင်းဖုံးကွယ်နိုင်ပြီ လို့ ထင်နေတာလား...နင် ပိုပြီး တည်ငြိမ်ပြလေ စိတ်ထဲ ယောက်ယက်ခတ်လေဆိုတာ ငါ သိတယ်...အဲ့ဒီ လူက စိတ်ဝင်စားစရာပဲ...ငါ လိုက်ကို လိုက်ကြည့်ရမယ်...

နောက်တစ်နေ့ မနက်တွင် လီနန်းဖန် ထွက်သွားသည့် တောင်ပေါ်သို့ လင်ချင်းယွန် ဆုံးဖြတ်ထားခဲ့သည်။ သူက သာမန်လူမျှသာ ဖြစ်သော်လည်း လျိုရှီယူ မျက်နှာထက်ရှိ ခံစားချက်အား လင်ချင်းယွန် အကဲခတ်တတ်သည်။

သာမန်လူတစ်ယောက်က အမျိုးသမီးတစ်ယောက်ကို သေရာမှ ကယ်တင်နိုင် မှာလား...ပြီးတော့ ကြုံရာ အကြံဉာဏ်တစ်ခုက ကွမ်းလောင်အင်မော်တယ် မင်းဆက် ကို အန္တာရာယ် မှ ဆွဲတင်နိုင်မှာလား...သူက ဘယ်လို ပညာရှင် မျိုးလဲ...တကယ်ပဲ သာမန်လူတစ်ယောက်လား...

လင်ချင်းယွန်မှာ အရူးမဟုတ်ပေ။ တကယ်တမ်းတွင် သူမက ဉာဏ် အလွန်ကောင်းသည့် အမျိုးသမီး တစ်ဦး ဖြစ်သည်။ သူမ စိတ်ထဲ ကြီးကျယ် သည့် ရှာဖွေတွေ့ရှိမှု တစ်ခုအား ကြုံတွေ့တော့မည်ဟု ခံစားနေမိသည်။

တောင်ခြေသို့ ရောက်သော် အပေါ်သို့ မော့ကြည့်လိုက်သည်တွင် မြူခိုး နှ င့် တိမ်များ ဖုံးလွှမ်းနေကြောင်း တွေ့ရသည်။ သူမ သွားရှာမည့် လူက သာမန်လူ တစ်ယောက် မဟုတ်ပဲ ဖုံးကွယ်နေသည့် ဆရာကြီးတစ်ဦး ဖြစ် မည်ဟု မသိစိတ်မှ ယုံကြည်နေမိ၏။

သူမ တောင်ပေါ်သို့ တက်တော့မည် အချိန်၌ ဓားပျံ စီးနင်းလာသည့် လူ ရိပ် သုံးရိပ်အား မြင်လိုက်ရသည်။ သူတို့မှာ တောင်ခြေသို့ ဖြည်းညင်းစွာ ဆင်းသက်လာခဲ့၏။

ထို သူများမှာ ပိုင်လျိုရှောင်း နှင့် သူမ၏ မိဘများမှ လွဲ၍ အခြားမဟုတ် ချေ။ သူတို့၏ လေးစားမှု အား ပြရန်အတွက် တောင်ခြေ၌ ဆင်းသက်ကာ တောင်ပေါ်သို့ ခြေလျင် တက်ရန် ပြင်ဆင်လိုက်ကြသည်။

လင်ချင်းယွန် မှာ ပိုင်လျိုရှောင်းအား တွေ့သည်တွင် အေးခဲသွားသည်။

"ဂျူနီယာ လျိုရှောင်းလား..."

"စီနီယာအစ်မလင်...ဒီကို ဘာလာလုပ်တာလဲ..." ပိုင်လျိုရှောင်း သည် လည်း လင်ချင်းယွန် အား မြင်သည်တွင် ထပ်တူ အံ့အားသင့်သွားခဲ့သည်။

တုန်ရင်သွားသော ပိုင်လျိုရှောင်းအား ကြည့်ကာ လင်ချင်းယွန် ပြောလာ သည်။

"ငါဒီမှာ မိတ်ဆွေတစ်ယောက်ဆီ လာတာ နင်ကောပဲလား..."

"အင်း..ငါ နဲ့ ငါ့ မိဘတွေ က ဒီမှာ နေထိုင်တဲ့ ဆရာကြီးဆီ လာလည် တာ..." ပိုင်လျိုရှောင်း ခေါင်းညိတ်ပြလိုက်သည်။

"နင့် မိဘတွေ ပါ လူကိုယ်တိုင် လာတာလား..." လင်ချင်းယွန် တစ်ချက် ကြည့်မိလိုက်သည်တွင် တုန်ရင်သွားသည်။ သူမ သက်လတ်ပိုင်းအရွယ် စုံတွဲအား တွေ့လိုက်ကာ အလျင်အမြန် ဂါရဝပြုလိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်...ဂိုဏ်းခေါင်းဆောင် ပိုင် ၊ စီနီယာ စု..." သူမ၏ နှလုံးသားများ ပုံမှန်ထက် မြန်နှုန်းမြင့်သွားခဲ့သည်။ ဝမ်ကျင်းအင်မော်တယ်ဂိုဏ်းမှာ သူမတို့ လင်ယွန်အင်မော်တယ် ခုံရုံးထက် အားမကောင်းသော်လည်း သူ့မအရှေ့ ရှိနေသူမှာ ဝမ်ကျင်းဂိုဏ်း၏ ဂိုဏ်းခေါင်းဆောင် ဖြစ်သည်။ သူက ယင်ယန် အဆင့် ကျင့်ကြံသူ ဖြစ်သည် တောင် မှ ဒီနေရာသို့ လူကိုယ်တိုင် ရောက်လာခြင်း ဖြစ်သည်။

ဒီတောင်ပေါ်မှာ ဘယ်သူရှိနေတာလဲ...ဘာကြောင့် သူတို့ ကြည့်ရတာ အရမ်း လေးနက်နေပုံ ရတာလဲ...

လင်ချင်းယွန် ထို လူကြီးအား ကြည့်ကာ ဝေခွဲမရသည့် ခံစားချက်တို့ ဖြစ်နေမိသည်။ ဝမ်ကျင်းအင်မော်တယ်ဂိုဏ်းမှာ ဓားနတ်ဆိုး၏ စိမ်ခေါ်ခြင်း ခံခဲ့ရသည်။ သူမ ဆရာ၏ ပြောစကားအရ ပိုင်ဝူချန်းမှာ ဓားနတ်ဆိုးအား မယှဉ်နိုင်ချေ။ သို့သော် ယခု ၌ ပိုင်ဝူချန်းမှာ အဘယ်ကြောင့် အဆင်ပြေနေပုံ ရနေသနည်း။

သူမ စိတ်ထဲ မေးခွန်းများစွာ ရှိသော်လည်း မည်သည့် နေရာ မှ စတင်ရမှန်း မသိချေ။

ပိုင်ဝူချန်း လက်ဖ့ေယမ်းလိုက်ပြီး သူမအား ပြုံးပြလိုက်ကာ

"မင်းက ခေါင်းဆောင်ယွန် ရဲ့ နောက်ဆုံး တပည့်မလား...မင်းလိုငယ်ရွယ်တဲ့ မိန်းကလေး တစ်ယောက်က အခြေခံအုတ်မြစ်တည်ဆောက်ခြင်း နောက်ပိုင်းအဆင့် ကို ရောက်နေပါလား မဆိုးဘူးပဲ...မင်းမှာ တောက်ပတဲ့ အနာဂတ် ရှိနေတယ်..."

"ဂိုဏ်းခေါင်းဆောင်...ဒါပေမဲ့ ရှင်...ရှင်..." လင်ချင်းယွန် ၏ မျက်နှာ အမူအရာ ပြောင်းလဲသွားခဲ့ကာ သူ့အား မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

ပုံမှန်အတိုင်းဆိုလျှင် ပိုင်ဝူချန်းမှာ သူမ ဆရာ အကြောင်းပြောသည်တွင် စီနီယာယွန် ဟု ပြောတတ်သည်။ သို့သော် ယခု၌ ခေါင်းဆောင်ယွန်ဟု ခေါ် လိုက်သည်။ ၎င်းမှာ သူတို့ချင်း အဆင့်တူဟု ဆိုလိုလိုက်သည့် သဘောပင်။

၎င်းထံ ဖြေရှင်းချက် တစ်ခုသာ ရှိတော့သည်။

"အမှန်ပါပဲ... ကျုပ် ထွက်ရပ်ပေါက် အဆင့်ကို ချိုးဖျက်နိုင်ခဲ့တယ်..." ပို င်ဝူချန်း ပြုံးလိုက်သည်။

ဒါ...

အတည်ပြုပြီးနောက်တွင် လင်ချင်းယွန်မှာ ပို၍ ပင် မှင်သက်သွားရသည်။ ယင်ယန် အဆင့် နှင့် ထွက်ရပ်ပေါက် အဆင့်တို့ကြားတွင် မည်မျှ ကွာခြားသည်အား သူမ သေချာနားလည်သည်။ ပိုင်ဝူချန်းသာ အဆင့်တက် သွားသည်ဆိုပါက ဝမ်ကျင်းအင်မော်တယ်ဂိုဏ်း ၏ အဆင့်အတန်းမှာ ပိုမို မြင့်တက်လာပြီး ဂိုဏ်းငယ်တစ်ခု မဟုတ်နိုင်တော့ပေ။

ဘယ်လိုကြောင့် ဒီလို ဖြစ်သွားတာလဲ...ဘယ်အချိန်တုန်းက ယင်ယန် အ ဆင့်ကနေ ထွက်ရပ်ပေါက် အဆင့် ကို တတ်ဖို့ ဒီလောက် လွယ်ကူသွားခဲ့ တာလဲ...

"အများကြီး မတွေးနဲ့တော့...ကျုပ် ဆရာကြီးဆီက အကူအညီ ရလိုက်လို့ ပါ...ကံကောင်းခဲ့တာပါ..." ပိုင်ဝူချန်းမှာ ထိုသို့ ပြောလိုက်သော်လည်း တစ်စုံတစ်ခုကြောင့် နောင်တရသွားဟန် ရှိသည်။

ထိုပန်းချီ အား ဓားနတ်ဆိုး ဖျက်ဆီးလိုက်သည်မှာ တကယ်နှမြောစရာ ပင်။ မဟုတ်လျှင် သူ ဒီထက်မက တိုးတက်နိုင်သေးသည်။ ထိုသို့ တွေးမိ

လိုက်သော် စိတ်ဓာတ်ကျသလို ခံစားလိုက်ရ၏။

"ဆရာကြီး ဆီက အကူအညီ ရတယ် ဟုတ်လား... မဟုတ်မှ လွဲရော... " လင်ချင်းယွန် ဖြစ်နိုင်ချေ တစ်ခု အား တွေးမိကာ စိတ်ထဲ ပေါ်လာသည့် နေရာသို့လှမ်းကြည့် မိလိုက်သည်။

ပိုင်လျိုရှောင်း သည်လည်း ဤနေရာရှိ ဆရာကြီးထံ လာလည်ကြောင်း ပြောသည်။ ပိုင်ဝူချန်း၏ အပြုအမူများလည်း ထည့်တွက်မည်ဆိုပါက... သူမ တွေးရင်း နှင့် ခေါင်းတစ်ခုလုံး ပေါက်ကွဲလုမတက်ခံစားမိလိုက်ရသည်။

ဒီလူ က ယင်ယန်အဆင့်က လူတစ်ယောက်ကို ထွက်ရပ်ပေါက် အဆင့် အထိ အဆင့်တက်အောင် လုပ်နိုင်ခဲ့တာလား...အဲ့ဒီလူက အနည်းဆုံး အင်မော်တယ်ပဲ ဖြစ်ရမယ်...

"ဒီနေရာမှာ နေတဲ့ လူ သိပ်မရှိပါဘူး...မင်းရဲ့ မိတ်ဆွေက ဘယ်နေရာမှာ နေတာလဲ...ဖြစ်နိုင်တာက ကျုပ်တို့ လူတစ်ယောက်တည်း ဆီ လာတာ ဖြစ်နေမလား..." ပိုင်ဝူချန်းမှာ သံသယဝင်စွာ မေးလာသည်။ လင်ချင်းယွန်သာ ဆရာကြီး၏ မိတ်ဆွေ ဖြစ်မည် ဆိုပါက သူ အဆင့်တက်နိုင်ခဲ့သော်လည်း သူမအရှေ့မောက်မာနေရန် မဖြစ်တော့ချေ။

"တကယ်တော့...ကျွန်မ သိချင်လို့ လာခဲ့တာပါ..." လင်ချင်းယွန် မှာ အမြဲ တစ်စေ ဉာဏ်ကောင်းပြီး xထက်မြက်သည်။ ထိုကြောင့် သူမ မည်သည့် အရာမှ လျို့ဝှက်မထားရဲချေ။ ဤအတွက်ကြောင့် မနေ့ က ဖြစ်ပျက်ခဲ့သည် များကို သူမ ပြောလိုက်လေသည်။

"သာမန်လူတစ်ယောက် စွမ်းအားနဲ့ပဲ အမျိုးသမီးတစ်ယောက်ကို သေရာကနေ အသက်ရှင်အောင် လုပ်နိုင်လိုက်တာလား...သူက တကယ့် စစ်မှန်တဲ့ ဆရာကြီးပဲ... " ပိုင်ဝူချန်း ရေရွတ်လိုက်မိ၏။

"သူက အမြဲတမ်း သာမန်လူတစ်ယောက် အဖြစ်သာ နေချင်နေခဲ့တာ... သူက လွဲလိ်ု့ ဘယ်သူမှ မဖြစ်နိုင်တာကို ဖြစ်နိုင်အောင်အထိ လုပ်နိုင်မှာ မဟုတ်ဘူး...သူ့အဆင့်က ငါတို့ ထင်ထားတာထက် အများကြီး ကျော်လွန်နေပြီ..."

ပိုင်လျိုရှောင်းမှာ ထိုအကြောင်းများ ကြားမိသည့်တွင် နောက်တစ်ကြိမ် ထပ်တိုး၍ ဆရာကြီးအား လေးစားမိသွားသည်။

"ဒီဆရာကြီးက အဆင့်မြင့်ရုံ မကဘူး..အမျိုးသမီးတွေ အပေါ်မှာလည်း လေးစားသမှု ရှိတယ်...သူက တကယ့်မြင့်မြတ်တဲ့ လူတစ်ယောက်ပဲ..."

အခြားတစ်ဖက်တွင် လင်ချင်းယွန်မှာ သူမ စုံစမ်းနေသည့် လူက သာမန် မဟုတ်ပဲ တကယ့် ဆရာကြီး တစ်ဦး ဖြစ်သည်အား သိလိုက်ရသည်။ ရုတ်ချင်း သူမ တစ်ယောက်လုံး တုန်လှုပ်သွားကာ သွေးများ အေးခဲသွားသည့် အလား ဖြစ်သွားသည်။

လျိုရှီယူ သူမအား ဖုံးကွယ်ရန် ကြိုးစားခဲ့သည်တောင်မှ ယခုကဲ့သို့ အလွန်ကြီးကျယ်သည့် အရာတစ်ခုအား ရှာဖွေ တွေ့ရှိခဲ့လိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ဒါ ငါ့ဘဝရဲ့ အကြီးမားဆုံး ကောင်းချီး နဲ့ ရှာဖွေတွေ့ရှိမှု တစ်ခုပဲ...ငါ သတိထားပြီး အထင်ကောင်း အမြင်ကောင်း ရအောင် ကြိုးစားရမယ်..."

***